# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၇ - သတိပဋ္ဌာနဝိဘင်

(သတိပဋ္ဌာန်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁ - သုတ္တန္တဘာဇနီယနည်း (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

သတိပဋ္ဌာန်လေးပါး

၁ - ကာယာနုပဿနာအကျယ်

၂ - ဝေဒနာနုပဿနာအကျယ်

၃ - စိတ္တာနုပဿနာအကျယ်

၄ - ဓမ္မာနုပဿနာအကျယ်

------

၂ - အဘိဓမ္မာဘာဇနီယနည်း (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

ကုသိုလ်သတိပဋ္ဌာန်လေးပါး

လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း

ဝိပါက်သတိပဋ္ဌာန်လေးပါး

------

၃ - ပဥှာပုစ္ဆကနည်း (အမေးအဖြေပြု၍ ဟောကြားသောနည်း)

သတိပဋ္ဌာန်လေးပါး

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

သတိပဋ္ဌာန်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း
တိက် (၂၂)ပါး တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း
ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

------

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း
တိက် (၂၂)ပါး တို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း
ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

သတိပဋ္ဌာန်လေးပါးတို့ကို ဝေဖန်၍ ပြသော
သတိပဋ္ဌာန်ဝိဘင်း မာတိကာ ပြီး၏။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

## (သတိပဋ္ဌာန်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁ - သုတ္တန္တဘာဇနီယနည်း (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

သတိပဋ္ဌာန်လေးပါး

(၁) ကာယာနုပဿနာ
(၂) ဝေဒနာနုပဿနာ
(၃) စိတ္တာနုပဿနာ
(၄) ဓမ္မာနုပဿနာ

၁ - ကာယာနုပဿနာအကျယ်

မိမိ၏ ခန္ဓာကိုယ်၌ ရှုနည်း

သူတစ်ပါးခန္ဓာကိုယ်၌ ရှုနည်း

မိမိသူတစ်ပါးနှစ်ဦးသားတို့ကိုယ်၌ ရှုနည်း

၂ - ဝေဒနာနုပဿနာအကျယ်

မိမိ၏ ခံစားမှု 'ဝေဒနာ' တို့၌ ရှုနည်း

မိမိသူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ရှုနည်း

၃ - စိတ္တာနုပဿနာအကျယ်

မိမိစိတ်၌ ရှုနည်း

သူတစ်ပါးစိတ်၌ ရှုနည်း

မိမိသူတစ်ပါးစိတ်၌ ရှုနည်း

## ၇ - သတိပဋ္ဌာနဝိဘင်

### ၁ - သုတ္တန္တဘာဇနီယနည်း (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

၄ - ဓမ္မာနုပဿနာအကျယ်

မိမိသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

မိမိသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

သူတစ်ပါးသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

------

### ၂ - အဘိဓမ္မာဘာဇနီယနည်း (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

ကုသိုလ်သတိပဋ္ဌာန်လေးပါး

လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း

(၁) ကာယာနုပဿနာ

(၂) ဝေဒနာနုပဿနာ

(၃) စိတ္တာနုပဿနာ

(၄) ဓမ္မာနုပဿနာ

သတိပဋ္ဌာန်အရကောက်

ဝိပါက်သတိပဋ္ဌာန်လေးပါး

(၁) ကာယာနုပဿနာ

(၂) ဝေဒနာနုပဿနာ

(၃) စိတ္တာနုပဿနာ

(၄) ဓမ္မာနုပဿနာ

သတိပဋ္ဌာန်အရကောက်

------

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

၃ - ပဉ္စာပုစ္ဆကနည်း (အမေးအဖြေပြု၍ ဟောကြားသောနည်း)

သတိပဋ္ဌာန်လေးပါး

သတိပဋ္ဌာန်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ

------

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ
(၂) ဝေဒနာတိက်အဖြေ
(၃) ဝိပါကတိက်အဖြေ
(၄) ဥပါဒိန္နတိက်အဖြေ
(၅) သံကိလိဋ္ဌတိက်အဖြေ
(၆) ဝိတက္ကတိက်အဖြေ
(၇) ပီတိတိက်အဖြေ
(၈) ဒဿနတိက်အဖြေ
(၉) ဒဿနဟေတုတိက်အဖြေ
(၁၀) အာစယဂါမိတိက်အဖြေ
(၁၁) သေက္ခတိက်အဖြေ
(၁၂) ပရိတ္တတိက်အဖြေ
(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ
(၁၄) ဟီနတိက်အဖြေ
(၁၅) မိစ္ဆတ္တတိက်အဖြေ
(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ
(၁၇) ဥပ္ပန္နတိက်အဖြေ
(၁၈) အတီတတိက်အဖြေ
(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)
(၂၀) အဇ္ဈတ္တတိက်အဖြေ
(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ
(၂၂) အနိဒဿနတိက်အဖြေ

------

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

(၂) သဟေတုကဒုက်

(၃) ဟေတုသမ္ပယုတ္တဒုက်

(၄) ဟေတုသဟေတုကဒုက်

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

(၆) နဟေတုသဟေတုကဒုက်

စူဠန္တရဒုက် အဖြေ

(၇) သပ္ပစ္စယဒုက်

(၈) သင်္ခတဒုက်

(၉) သနိဒဿနဒုက်

(၁၀) သပ္ပဋိဃဒုက်

(၁၁) ရူပီဒုက်

(၁၂) လောကိယာဒုက်

(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆက အဖြေ

(၁၄) အာသဝဒုက်

(၁၅) သာသဝဒုက်

(၁၆) အာသဝသမ္ပယုတ္တဒုက်

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆက အဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း
ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

သြဃဂေါစ္ဆကအဖြေ

(၃၂-၃၇) သြဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆက အဖြေ

(၅၀-၅၄) ပရာမာသဒုက်

မဟန္တရဒုက် အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘုဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဥပါဒါနဂေါစ္ဆက အဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆက အဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက် အဖြေ ဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(၈၇) သဝိတက္ကဒုက်

(၈၈) သဝိစာရဒုက်

(၈၉) သပ္ပီတိကဒုက်

(၉၀) ပီတိသဟဂတဒုက်

(၉၁) သုခသဟဂတဒုက်

(၉၂) ဥပေက္ခာသဟဂတဒုက်

(၉၃) ကာမာဝစရဒုက်

(၉၄) ရူပါဝစရဒုက်

(၉၅) အရူပါဝစရဒုက်

(၉၆) ပရိယာပန္နဒုက်

(၉၇) နိယျာနိကဒုက်

(၉၈) နိယတဒုက်

(၉၉) သဥတ္တရဒုက်

(၁၀၀) သရဏဒုက်

သတိပဋ္ဌာန်လေးပါးတို့ကိုဝေဖန်၍ ပြသော

သတိပဋ္ဌာန်ဝိဘင်း မာတိကာ ပြီး၏။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၇ - သတိပဋ္ဌာနဝိဘင်္ဂ

## (သတိပဋ္ဌာန်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

### === သတိပဋ္ဌာန်လေးပါး ===

၃၅၅။ သတိပဋ္ဌာန်လေးပါးတို့ကား-

### (၁) ကာယာနုပဿနာ

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ၏ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ သူတစ်ပါး ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ်ရှုလျက် နေ၏။ မိမိခန္ဓာကိုယ်, သူတစ်ပါး ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

### (၂) ဝေဒနာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ၏ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါး ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' ကို အဖန်ဖန် အထပ်ထပ် ရှုလျက်နေ၏။ မိမိ, သူတစ်ပါး ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာ စသော ခံစားမှု 'ဝေဒနာ'ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === သတိပဋ္ဌာန်လေးပါး ===

### (၃) စိတ္တာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ မိမိ၏ စိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါးစိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ မိမိ, သူတစ်ပါးစိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

### (၄) ဓမ္မာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ် လာသော ကာမစ္ဆန္ဒစသော) တရားကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါးသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒစသော) တရားကိုအဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒ စသော) တရားကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၁ - ကာယာနုပဿနာအကျယ် ===

## မိမိ၏ ခန္ဓာကိုယ်၌ ရှုနည်း

၃၅၆။ အဘယ်သို့လျှင် ရဟန်းသည် မိမိခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူး အပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါးအပြင်မှ အထက်ဆံဖျား တိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင်တိုင်အောင် အရေပါး အဆုံး အပိုင်းခြားရှိသော မိမိ၏ ခန္ဓာကိုယ်ကို ရှုဆင်ခြင်၏- "ဤခန္ဓာကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)[၁]+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ+မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏"ဟု ရှုဆင်ခြင်၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၍ ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြားမှတ်သား၍ သူတစ်ပါး၏ ခန္ဓာကိုယ်၌ မိမိ၏ စိတ်ကို ဆောင်၍ ထား၏ (ညွတ်စေ၏)။

## သူတစ်ပါးခန္ဓာကိုယ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါး၏ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူးအပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါး အပြင်မှ အထက်ဆံဖျား တိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင် တိုင်အောင် အရေပါး အဆုံး အပိုင်းခြားရှိသော သူတစ်ပါး၏ ခန္ဓာကိုယ်ကို ရှုဆင်ခြင်၏- "ထိုသူတစ်ပါး၏ကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏။ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၍ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ၏ခန္ဓာကိုယ် သူတစ်ပါးခန္ဓာကိုယ်၌ မိမိစိတ်ကို ဆောင်၍ ထား၏ (ညွတ်စေ၏)။

# သတိပဋ္ဌာနဝိဘင်

## === ၁ - ကာယာနုပဿနာအကျယ် ===

## မိမိသူတစ်ပါးနှစ်ဦးသားတို့ကိုယ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိခန္ဓာကိုယ်, သူတစ်ပါးခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူးအပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါး အပြင်မှ အထက်ဆံဖျားတိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင် တိုင်အောင် အရေပါး အဆုံး အပိုင်းခြားရှိသော မိမိခန္ဓာကိုယ် သူတစ်ပါးခန္ဓာကိုယ်ကို ရှုဆင်ခြင်၏- "ဤခန္ဓာကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ+မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏" ဟု ရှုဆင်ခြင်၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ မိမိခန္ဓာကိုယ်, သူတစ်ပါး ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

၃၅၇။ "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုရာ၌ အဘယ်သည် အဖန်ဖန် အထပ်ထပ် ရှုခြင်း မည်သနည်း-

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်ခြင်း 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကိုအဖန်ဖန် အထပ်ထပ်ရှုခြင်းဟု ဆိုအပ်၏။ ဤအဖန်ဖန် အထပ်ထပ်ရှုသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုအပ်၏။

၃၅၈။ "နေ၏"ဟု ဆိုရာ၌ ဣရိယာပုတ်လေးပါးနှင့် ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏။ ဣရိယာပုထ် တစ်ပါးဖြင့် ဣရိယာပုထ် တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၃၅၉။ "ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိလျက်" ဟု ဆိုရာ၌ အဘယ်သည် ကိလေသာကို ပူပန်စေတတ်သော တရား မည်သနည်း-

အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏။ ဤသဘောကို ကိလေသာကို ပြင်းစွာပူပန်စေတတ်သော တရားဟု ဆိုအပ်၏၊ ဤကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော ဝီရိယနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ ရှိလျက်" ဟု ဆိုအပ်၏။

၃၆၀။ "ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ ရှိလျက်" ဟု ဆိုရာ၌ အဘယ်သည် ကောင်းစွာ အပြားအားဖြင့် သိသောတရား မည်သနည်း-

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤ

သဘောကို ကောင်းစွာ အပြားအားဖြင့် သိသောတရားဟု ဆိုအပ်၏။ ဤကောင်းစွာ အပြားအားဖြင့် သိသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ ရှိလျက်"ဟု ဆိုအပ်၏။

၃၆၁။ "အောက်မေ့တတ်သော သတိရှိလျက်" ဟု ဆိုရာ၌ အဘယ်သည် အောက်မေ့တတ်သော တရား မည်သနည်း-

အကြင်အောက်မေ့မှု 'သတိ' အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤအောက်မေ့ တတ်သော သတိနှင့် ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့တတ်သော သတိရှိလျက်" ဟု ဆိုအပ်၏။

၃၆၂။ "ခန္ဓာကိုယ်တည်းဟူသော လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကိုပယ်ဖျောက်၍" ဟု ဆိုရာ၌ အဘယ်သည် လောက မည်သနည်း။

ထို (ဆံပင်အစရှိသော) ရူပကာယ သည်ပင်လျှင် လောကမည်၏။ (တစ်နည်း) ဥပါဒါနက္ခန္ဓာ ငါးပါးတို့ သည်လည်း လောကမည်၏။ ဤသဘောကို လောကဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တဿသာရာဂ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော မသာယာခြင်းသည်၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ ကြောင့်ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ' ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ' ကို လည်းကောင်း ဤခန္ဓာကိုယ် တည်းဟူသော လောက၌ ပယ်အပ်ကုန်၏၊ အထပ်ထပ် ပယ်အပ်ကုန်၏၊ ငြိမ်သက် စေအပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက် စေအပ်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူးဖျက်ဆီးအပ် ကုန်၏၊ ခြောက်သွေ့စေအပ်ကုန်၏၊ အထူးခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် "ခန္ဓာကိုယ်တည်းဟူသော လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍" ဟု ဆိုအပ်၏။

**ကာယာနုပဿနာအကျယ်ပြီးပြီ။**

------

၁။ ပါဠိတော်၌ မတ္ထလုင်- မပါပါ၊ အဋ္ဌကထာ၌ ပါသည်။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၂ - ဝေဒနာနုပဿနာအကျယ် ===

### မိမိ၏ ခံစားမှု ‘ဝေဒနာ’ တို့၌ ရှုနည်း

၃၆၃။ အဘယ်သို့လျှင် ရဟန်းသည် မိမိ၏ ခံစားမှု ‘ဝေဒနာ’တို့၌ ခံစားမှု ‘ဝေဒနာ’ တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာသော ခံစားမှု ‘သုခဝေဒနာ’ကို ခံစားသည်ရှိသော် “(ငါသည်) ချမ်းသာသော ခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏ ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲသောခံစားမှု ‘ဒုက္ခဝေဒနာ’ကို ခံစားသည်ရှိသော် ‘(ငါသည်) ဆင်းရဲသောခံစားမှု ‘ဒုက္ခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲ ချမ်းသာ မဟုတ်သော ခံစားမှု ‘ဥပေက္ခာဝေဒနာ’ကို ခံစားသည်ရှိသော် “(ငါသည်) ဆင်းရဲချမ်းသာ မဟုတ်သောခံစားမှု ‘ဥပေက္ခာဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော လူတို့၌ ဖြစ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ကာမ ဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် စပ်သော လူတို့၌ ဖြစ်သော ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့် စပ်သော ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကို ခံစား၏” ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲ ချမ်းသာ မဟုတ်သောခံစားမှု ‘ဥပေက္ခာဝေဒနာ’ ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု ‘ဥပေက္ခာဝေဒနာ’ ကို ခံစား၏” ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု ‘ဥပေက္ခာဝေဒနာ’ကိုလည်း ခံစားသည်ရှိသော် “(ငါသည်) ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သောခံစားမှု ‘ဥပေက္ခာဝေဒနာ’ကို ခံစား၏” ဟု ပိုင်းခြား၍ သိ၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၍ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါး ခံစားမှု ‘ဝေဒနာ’ တို့၌ မိမိ၏ စိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။ သူတစ်ပါးခံစားမှု ‘ဝေဒနာ’ တို့၌ ရှုနည်း အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးခံစားမှု ‘ဝေဒနာ’တို့၌ ခံစားမှု ‘ဝေဒနာ’ ကို အဖန်ဖန် အထပ်ထပ် ရှုလျက်နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစားသော သူတစ်ပါးကို “(သူသည်) ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲခံစားမှု ‘ဒုက္ခ ဝေဒနာ’ကိုခံစားသော သူတစ်ပါးကို “(သူသည်) ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု ‘ဥပေက္ခာဝေဒနာ’ကို ခံစားသော သူတစ်ပါးကို “(သူသည်) ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု ‘ဥပေက္ခာဝေဒနာ’ကို ခံစား၏” ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် စပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကိုလည်း ခံစားသော သူတစ်ပါးကို “(သူသည်) ကာမဂုဏ်နှင့် စပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏” ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကိုလည်း ခံစားသော သူတစ်ပါးကို “(သူသည်) ကာမဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု ‘သုခဝေဒနာ’ကို ခံစား၏”ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု ‘ဒုက္ခဝေဒနာ’ကိုလည်း ခံစားသော သူတစ်ပါးကို “(သူသည်) ကာမဂုဏ်နှင့်စပ်သော

ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(သူသည်) ကာမဂုဏ်နှင့် မစပ်သောဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ' ကိုလည်း ခံစားသော သူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ' ကို ခံစား၏" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း ခံစားသော သူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစား၏" ဟု ပိုင်းခြား၍ သိ၏။

ထိုရဟန်းသည် (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ' တို့၌ စိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။

## သတိပဋ္ဌာနဝိဘင်္ဂ

## === ၂ - ဝေဒနာနုပဿနာအကျယ် ===

## မိမိသူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို "ချမ်းသာခံစားမှု 'သုခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို "ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲ ချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို "ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့် စပ်သော ချမ်းသာ ခံစားမှု 'သုခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'" ဟု ပိုင်းခြား၍ သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၄။ "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုရာ၌။ပ။-

"နေ၏"ဟု ဆိုရာ၌။ပ။-

"ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုရာ၌။ပ။-

"ကောင်းစွာ အပြားအားဖြင့် သိသော ပညာရှိလျက်"ဟု ဆိုရာ၌။ပ။-

"အောက်မေ့မှု သတိရှိလျက်"ဟု ဆိုရာ၌။ပ။-

"ခန္ဓာကိုယ်တည်းဟူသော လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍"ဟု ဆိုရာ၌ အဘယ်သည် လောက မည်သနည်း။

ထိုခံစားမှု 'ဝေဒနာ'သည်ပင်လျှင် လောက မည်၏။ ဉပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် လည်းလောကမည်၏။ ဤသဘောကို လောကဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာခြင်းသည်၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ'ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ'ကိုလည်းကောင်း ဤ (ခန္ဓာကိုယ်တည်းဟူသော) လောက၌ ပယ်အပ်ကုန်၏။ အထပ်ထပ်ပယ်အပ်ကုန်၏။ ငြိမ်သက်စေအပ်ကုန်၏။ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏။ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏။ ဖျက်ဆီးအပ်ကုန်၏။ အထူး ဖျက်ဆီးအပ်ကုန်၏။ ခြောက်သွေ့စေ အပ်ကုန်၏။ အထူး ခြောက်သွေ့စေအပ်ကုန်၏။ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် "(ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍" ဟု ဆိုအပ်၏။

**ဝေဒနာနုပဿနာအကျယ်ပြီးပြီ။**

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - စိတ္တာနုပဿနာအကျယ် ===

## မိမိစိတ်၌ ရှုနည်း

၃၆၅။ အဘယ်သို့လျှင် ရဟန်းသည် မိမိ၏ စိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။ ဤသာသနာတော်၌ ရဟန်းသည် တပ်မက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည်တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကို လည်း "ငါ၏ စိတ်သည် တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမျက်ထွက်မှု 'ဒေါသ'နှင့်တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်း "ငါ၏ စိတ်သည်အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်"ဟူ၍ သိ၏။

(ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော) တွန့်ဆုတ်သော 'သံခိတ္တ' စိတ်ကိုလည်း "ငါ၏ စိတ်သည် (ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော) တွန့်ဆုတ်သော 'သံခိတ္တ'စိတ်"ဟူ၍ သိ၏။ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း "ငါ၏ စိတ်သည် 'ဥဒ္ဓစ္စ'နှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ'စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "ငါ၏ စိတ်သည် မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "ငါ၏ စိတ်သည် မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ'စိတ်"ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "ငါ၏ စိတ်သည်မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်"ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း "ငါ၏ စိတ်သည် မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်" ဟူ၍ သိ၏။ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း "ငါ၏ စိတ်သည် တည်ကြည်သော 'သမာဟိတ' စိတ်ဟူ၍ သိ၏။ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း "ငါ၏ စိတ်သည် မတည်ကြည်သော 'အသမာဟိတ' စိတ်"ဟူ၍ သိ၏။

(တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း "ငါ၏ စိတ်သည် လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ဟူ၍ သိ၏။ (တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်း "ငါ၏စိတ်သည် မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်" ဟူ၍ သိ၏။ ထိုရဟန်းသည် (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါး၏စိတ်၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - စိတ္တာနုပဿနာအကျယ် ===

## သူတစ်ပါးစိတ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးစိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ထိုသူ၏ တပ်မက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "အမျက်ထွက်မှု 'ဒေါသ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ဟူ၍ သိ၏။ ထိုသူ၏အမှန်ကို မသိမှု 'မောဟ'နှင့်တကွ ဖြစ်သော စိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' နှင့် တကွ ဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ ထိုင်း မှိုင်းခြင်းထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်ကိုလည်း "ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ' စိတ်"ဟူ၍ သိ၏။ ထိုသူ၏ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း "ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်"ဟူ၍သိ၏။ ထိုသူ၏ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ မြင့်မြတ်သည်၏အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ မိမိထက်သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "မိမိထက်သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ဟူ၍ သိ၏။ ထိုသူ၏ မိမိထက်သာလွန်သောတရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း "မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်"ဟူ၍ သိ၏။ ထိုသူ၏ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း "တည်ကြည်သော 'သမာဟိတ' စိတ်"ဟူ၍သိ၏။ ထိုသူ၏ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း "မတည်ကြည်သော အသမာဟိတ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ (တဒင်္ဂဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း "လွတ်မြောက်သော 'ဝိမုတ္တ' စိတ်" ဟူ၍ သိ၏။ ထိုသူ၏ (တဒင်္ဂဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်း "မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်"ဟူ၍ သိ၏။ ထိုရဟန်းသည် (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ၊ သူတစ်ပါးစိတ်၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - စိတ္တာနုပဿနာအကျယ် ===

## မိမိသူတစ်ပါးစိတ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါး စိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်" ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သောစိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သော စိတ်" ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ'ကင်းသော စိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်" ဟူ၍ သိ၏။ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်ကိုလည်း "ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ' စိတ်" ဟူ၍ သိ၏။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း "ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်" ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်" ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်" ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်" ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ဟူ၍ သိ၏။ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း "တည်ကြည်သော 'သမာဟိတ' စိတ်" ဟူ၍ သိ၏။ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း "မတည်ကြည်သော 'အသမာဟိတ' စိတ်" ဟူ၍ သိ၏။

(တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း "လွတ်မြောက်သော 'ဝိမုတ္တ' စိတ်" ဟူ၍ သိ၏။ (တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း "မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်"ဟူ၍ သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါးစိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၆။ "အဖန်ဖန် အထပ်ထပ် ရှုလျက်"ဟု ဆိုရာ၌။ပ။-

"နေ၏"ဟု ဆိုရာ၌။ပ။-

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုရာ၌။ပ။-

"ကောင်းစွာအပြားအားဖြင့်သိသော ပညာရှိလျက်"ဟု ဆိုရာ၌။ပ။-

"အောက်မေ့မှု သတိရှိလျက်"ဟု ဆိုရာ၌။ပ။-

“လောက၌ တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ကို ပယ်ဖျောက်၍”ဟု ဆိုရာ၌- အဘယ်သည် လောက မည်သနည်း။

ထိုစိတ်သည်ပင်လျှင် လောကမည်၏၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါး တို့သည်လည်း လောက မည်၏။

ထိုတရားတို့တွင် အဘယ်သည် တပ်မက်မှု ‘အဘိဇ္ဈာ’ မည်သနည်း။

အကြင်တပ်မက်မှု ‘ရာဂ’၊ ပြင်းစွာတပ်မက်မှု ‘သာရာဂ’။ပ။ စိတ်၏ ပြင်းစွာတပ်မက်မှု ‘စိတ္တဿ သာရာဂ’ သည် ရှိ၏။ ဤသဘောကို တပ်မက်မှု ‘အဘိဇ္ဈာ’ ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် နှလုံးမသာယာမှု ‘ဒေါမနဿ’ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာခြင်းသည်၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကိုခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု ‘ဒေါမနဿ’ ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု ‘အဘိဇ္ဈာ’ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု ‘ဒေါမနဿ’ ကိုလည်းကောင်း ဤ (ခန္ဓာကိုယ်တည်းဟူသော) လောက၌ ပယ်အပ်ကုန်၏၊ အထပ်ထပ်ပယ်အပ်ကုန်၏၊ ငြိမ်သက်စေ အပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ အလွန် ချုပ်ခြင်းသို့ ရောက်စေအပ် ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူး ဖျက်ဆီးအပ် ကုန်၏၊ ခြောက်သွေ့စေ အပ်ကုန်၏၊ အထူး ခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ကို ပယ်ဖျောက်၍ ဟု ဆိုအပ်၏။

**စိတ္တာနုပဿနာအကျယ်ပြီးပြီ။**

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

### မိမိသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

၃၆၇။ ရဟန်းသည် အဘယ်သို့လျှင် မိမိသန္တာန်၌ (ဖြစ်သော) တရားတို့၌ တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ (မပြတ်ဖြစ်သောအားဖြင့်) ထင်ရှားရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ငါ၏ သန္တာန်၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ငါ၏ သန္တာန်၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ပယ်ပြီးသောကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

၂။ မိမိသန္တာန်၌ ထင်ရှားရှိသော အမျက်ထွက်မှု 'ဒေါသ'ကို။ပ။

၃။ မိမိသန္တာန်၌ ထင်ရှားရှိသော ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ မိမိသန္တာန်၌ ထင်ရှားရှိသော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း။ပ။

၅။ မိမိသန္တာန်၌ ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ငါ၏ သန္တာန်၌ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ရှိ၏" ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ငါ၏ သန္တာန်၌ ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် မရှိ" ဟူ၍ သိ၏။ မဖြစ်သေးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်ခြင်း၏ အကြောင်း ကိုလည်းသိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

## မိမိသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏" ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် မရှိ" ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများခြင်း ၏ ပြည့်စုံခြင်းအကြောင်းကိုလည်းသိ၏။

၂။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၃။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၄။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၅။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော စိတ်စေတသိက်တို့၏ ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၆။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၇။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' သည် မရှိ" ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ၏ ဖြစ်ပေါ်ခြင်း အကြောင်း ကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကို ပွါးများခြင်း၏ ပြည့်စုံခြင်းအကြောင်းကိုလည်း သိ၏။ ထိုရဟန်းသည် ထို (တရား တည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

## သူတစ်ပါးသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးသန္တာန်၌ (ဖြစ်သော) တရားတို့၌ တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် ထိုသူ၏ (သန္တာန်၌) (မပြတ်ဖြစ်သောအားဖြင့်) ထင်ရှား ရှိသောကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ထိုသူ၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ထိုသူ၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

၂။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော အမျက်ထွက်မှု 'ဗျာပါဒ'ကိုလည်း။ပ။

၃။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ', နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' ကိုလည်း။ပ။

၅။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ထိုသူ၌ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ရှိ၏" ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ထိုသူ၌ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် မရှိ" ဟူ၍ သိ၏။ မဖြစ်သေးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

## သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏" ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။

၂။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၃။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၄။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၅။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော စိတ်စေတသိက်တို့၏ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၆။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၇။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (တရား တည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြားမှတ်သား၍ မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွတ်စေ၏။

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

## မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့၌ တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် ထင်ရှားရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ကာမဂုဏ်ကိုလိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ကာမဂုဏ်ကို လိုချင်နှစ်သက်မှုကာမစ္ဆန္ဒ'သည် မရှိ" ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကို လည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်း အကြောင်း ကိုလည်း သိ၏။ ပယ်ပြီး သော ကာမဂုဏ်ကိုလိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ပေါ်ခြင်း၏ အကြောင်း ကိုလည်း သိ၏။

၂။ ထင်ရှားရှိသော အမျက်ထွက်မှု 'ဗျာပါဒ'ကိုလည်း။ပ။

၃။ ထင်ရှားရှိသော စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ ထင်ရှားရှိသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း။ပ။

၅။ ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေး သော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

## === ၄ - ဓမ္မာနုပဿနာအကျယ် ===

## မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုလည်း "သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏" ဟူ၍ သိ၏။ ထင်ရှား မရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုလည်း "သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်း ကိုလည်းသိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုပွါးများခြင်း၏ ပြည့်စုံခြင်းအကြောင်းကိုလည်း သိ၏။

၂။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၃။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၄။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၅။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော စိတ်စေတသိက်တို့၏ ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၆။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၇။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကိုလည်း လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကိုလည်း သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါး၌ ဖြစ်သော တရားတို့၌ တရားတို့ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၈။ "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုရာ၌ အဘယ်သည် အဖန်ဖန် အထပ်ထပ် ရှုခြင်း မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကိုအဖန်ဖန် အထပ်ထပ်ရှုခြင်းဟု ဆိုအပ်၏၊ ဤအဖန်ဖန်အထပ်ထပ်ရှုသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုအပ်၏။

၃၆၉။ “နေ၏” ဟု ဆိုရာ၌ ဣရိယာပုထ် လေးပါးနှင့် ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုတ်တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

၃၇၀။ “ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိလျက်” ဟု ဆိုရာ၌ အဘယ်သည် ကိလေသာကို ပူပန်စေတတ်သော တရား မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာအားထုတ်မှု ‘သမ္မာဝါယာမ’ သည် ရှိ၏။ ဤသဘောကို ကိလေသာကို ပြင်းစွာပူပန်စေတတ်သောတရားဟု ဆိုအပ်၏၊ ဤကိလေသာကို ပူပန် စေတတ်သော ဝီရိယနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိလျက်” ဟု ဆိုအပ်၏။

၃၇၁။ “ကောင်းစွာအပြားအားဖြင့် သိသော ပညာရှိလျက်” ဟု ဆိုရာ၌ အဘယ်သည် ကောင်းစွာ အပြားအားဖြင့် သိသောတရား မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု ‘ပညာ’၊ အပြားအားဖြင့် သိသော အခြင်းအရာ ‘ပဇာနနာ’။ပ။ မတွေဝေမှု ‘အမောဟ’၊ တရားကိုစိစစ်မှု ‘ဓမ္မဝိစယ’၊ မှန်ကန်သောအမြင် ‘သမ္မာဒိဋ္ဌိ’သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အပြားအားဖြင့် သိသောတရားဟု ဆိုအပ်၏။ ဤကောင်းစွာ အပြားအားဖြင့် သိသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “ကောင်းစွာ အပြားအားဖြင့် သိသော ပညာရှိလျက်”ဟု ဆိုအပ်၏။

၃၇၂။ “အောက်မေ့မှု ‘သတိ’ ရှိလျက်”ဟု ဆိုရာ၌ အဘယ်သည် အောက်မေ့တတ်သော တရား မည်သနည်း။

အကြင် အောက်မေ့မှု ‘သတိ’၊ အထပ်ထပ် အောက်မေ့မှု ‘အနုဿတိ’။ပ။ ကောင်းစွာ အောက်မေ့မှု ‘သမ္မာသတိ’သည် ရှိ၏။ ဤသဘောကို အောက်မေ့တတ်သော တရားဟု ဆိုအပ်၏။ ဤအောက်မေ့တတ်သော သတိနှင့် ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “အောက်မေ့မှု သတိရှိလျက်” ဟု ဆိုအပ်၏။

၃၇၃။ “လောက၌ တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ကို ပယ်ဖျောက်၍” ဟု ဆိုရာ၌ အဘယ်သည် လောက မည်သနည်း။

ထိုနီဝရဏ စသော တရားတို့သည် ပင်လျှင် လောက မည်၏။ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါး တို့သည်လည်း လောက မည်၏။ ဤသဘောကို လောက ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တပ်မက်မှု ‘အဘိဇ္ဈာ’ မည်သနည်း။

အကြင်တပ်မက်မှု ‘ရာဂ’၊ ပြင်းစွာ တပ်မက်မှု ‘သာရာဂ’။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု ‘စိတ္တဿာရာဂ’ သည် ရှိ၏။ ဤသဘောကို တပ်မက်မှု ‘အဘိဇ္ဈာ’ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှလုံးမသာယာမှု ‘ဒေါမနဿ’ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာခြင်းသည် စိတ်၌ ဖြစ်သော ဆင်းရဲခြင်း စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားခြင်းသည် စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု ‘ဒေါမနဿ’ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု ‘အဘိဇ္ဈာ’ ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု ‘ဒေါမနဿ’ ကိုလည်းကောင်း ဤ (ခန္ဓာကိုယ် တည်းဟူသော) လောက၌ ပယ်အပ်ကုန်၏၊ အထပ်ထပ် ပယ်အပ်ကုန်၏၊

ငြိမ်သက် စေအပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူးဖျက်ဆီးအပ်ကုန်၏၊ ခြောက်သွေ့စေအပ်ကုန်၏၊ အထူးခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင်ကို ပြုအပ်ကုန်၏။ ထို့ကြောင့် "(ခန္ဓာကိုယ် တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍" ဟုဆိုအပ်၏။

**ဓမ္မာနုပဿနာ အကျယ်ပြီးပြီ။**

**သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်းပြီးပြီ။**

------

# သတိပဋ္ဌာနဝိဘင်္ဂ

# ၂ - အဘိဓမ္မာဘာဇနီယနည်း

# (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

# ကုသိုလ်သတိပဋ္ဌာန်လေးပါး

၃၇၄။ သတိပဋ္ဌာန်လေးပါးတို့ကား- ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ခံစားမှု 'ဝေဒနာ'တို့၌ (ချမ်းသာစသော) ခံစားမှု 'ဝေဒနာ'ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ဖြစ်ပေါ်လာသော တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

------

## === လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း ===

### (၁) ကာယာနုပဿနာ

၃၇၅။ အဘယ်သို့လျှင် ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သောအောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

### (၂) ဝေဒနာနုပဿနာ

၃၇၆။ အဘယ်သို့လျှင် ရဟန်းသည် ခံစားမှု 'ဝေဒနာ' တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ခံစားမှု 'ဝေဒနာ' တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော

အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤ သဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိ ပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

## (၃) စိတ္တာနုပဿနာ

၃၇၇။ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာဈာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စိတ်၌ ဖြစ်ပေါ်လာသည့် ရာဂစသောစိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသောအသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော

(သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

## (၄) ဓမ္မာနုပဿနာ

၃၇၈။ အဘယ်သို့လျှင် ရဟန်းသည် (ဖြစ်ပေါ်လာသော) တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသောတရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း ===

## သတိပဋ္ဌာန်အရကောက်

၃၇၉။ ထိုတရားတို့တွင် အဘယ်သည် သတိပဋ္ဌာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း ===

## ဝိပါက်သတိပဋ္ဌာန်လေးပါး

၃၈၀။ သတိပဋ္ဌာန်လေးပါးတို့ကား-

ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'ဟု အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ (ဖြစ်ပေါ်လာသော) တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

### (၁) ကာယာနုပဿနာ

၃၈၁။ အဘယ်သို့လျှင် ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ကိုယ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန် ဟု ဆိုအပ်၏။ သတိမှကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

### (၂) ဝေဒနာနုပဿနာ

၃၈၂။ အဘယ်သို့လျှင် ရဟန်းသည် ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ခံစားမှု 'ဝေဒနာ' တို့၌ ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသောအကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး ဝိပါက်ဖြစ်သောပဌမစျာန်ကို ပြည့်စုံစေ၍

နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကိုသတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

## (၃) စိတ္တာနုပဿနာ

၃၈၃။ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ စိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော၊ အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

## (၄) ဓမ္မာနုပဿနာ

၃၈၄။ အဘယ်သို့လျှင် ရဟန်းသည် တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

တရားတို့၌ သဘောတရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံ စေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန် ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

## သတိပဋ္ဌာနဝိဘင်္ဂ

## === လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း ===

## သတိပဋ္ဌာန်အရကောက်

၃၈၅။ ထိုတရားတို့တွင် အဘယ်သည် သတိပဋ္ဌာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန် တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

**အဘိဓမ္မဘာဇနီယနည်းပြီးပြီ။**

------

## သတိပဋ္ဌာနဝိဘင်

## === ၃ - ပဉှာပုစ္ဆကနည်း ===

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

## သတိပဋ္ဌာန်လေးပါး

၃၈၆။ သတိပဋ္ဌာန်လေးပါးတို့ကား-

(၁) ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ကိုယ်ခန္ဓာ၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၂) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၃) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၄) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## သတိပဋ္ဌာန်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက် အမေးပုစ္ဆာ

၃၈၇။ သတိပဋ္ဌာန်လေးပါးတို့တွင်-

ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

**မှတ်ချက်။** ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁-တိက်နှင့် ဟေတုဒုက်မှ သဥတ္တရဒုက်အထိ ၉၉-ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

------

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

### (၁၀၀) သရဏဒုက် အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

------

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) **ကုသလတိက်အဖြေ။** ၃၈၈။ (သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ ကုသိုလ် ဖြစ်ကုန်၏၊ ရံခါ အဗျာကတ ဖြစ်ကုန်၏။

(၂) **ဝေဒနာတိက်အဖြေ။** ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) **ဝိပါကတိက်အဖြေ။** ရံခါ အချင်းချင်းထူးကုန်သော (ကုသိုလ်အကုသိုလ်တို့၏) အကျိုး 'ဝိပါက်' ဖြစ်ကုန်၏။ ရံခါ အကျိုး ကိုဖြစ်စေတတ်သော သဘောတရား ဖြစ်ကုန်၏။

(၄) **ဥပါဒိန္နတိက်အဖြေ။** တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) **သံကိလိဋ္ဌတိက်အဖြေ။** ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။

(၆) **ဝိတက္ကတိက်အဖြေ။** ရံခါ ဝိတက်နှင့်လည်း တကွ၊ ဝိစာရနှင့်လည်း တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါဝိတက်လည်း မရှိ ဝိစာရလည်း မရှိကုန်။

(၇) **ပီတိတိက်အဖြေ။** ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏။

(၈) **ဒဿနတိက်အဖြေ။** သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခု သည် ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) **ဒဿနဟေတုတိက်အဖြေ။** သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) **အာစယဂါမိတိက်အဖြေ။** ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) **သေက္ခတိက်အဖြေ။** ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်ကုန်၏။

(၁၂) **ပရိတ္တတိက်အဖြေ။** နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

(၁၃) **ပရိတ္တာရမ္မဏတိက်အဖြေ။** အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုကုန်၏။

(၁၄) **ဟီနတိက်အဖြေ။** (အယုတ်, အလတ်, အမြတ်တို့တွင်) အမြတ်ဖြစ်ကုန်၏။

(၁၅) **မိစ္ဆတ္တတိက်အဖြေ။** ရံခါ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲ ကုန်၏။ ရံခါ နှစ်ပါးသောအခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန်။

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ။** မဂ်ကို အာရုံမပြုမူ၍ ရံခါ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏။ ရံခါမဂ်ဟု ဆိုအပ် သောအဓိပတိပစ္စည်း ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အကြောင်း ရှိကုန်၏ ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

**(၁၇) ဥပ္ပန္နတိက်အဖြေ။** ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ရံခါဖြစ်လတ္တံ့ဖြစ်ကုန်၏။

**(၁၈) အတီတတိက်အဖြေ။** ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

**(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)။** ဖြစ်ပြီး 'အတိတ်'ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂါတ်'ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

**(၂၀) အဇ္ဈတ္တတိက်အဖြေ။** ရံခါ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်း အပ'အဇ္ဈတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

**(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ။** အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏။

**(၂၂) အနိဒဿနတိက်အဖြေ။** မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

------

## သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ဟေတုဂေါစ္ဆကအဖြေ

**(၁) ဟေတုဒုက်**

၃၈၉။ (သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ် မမည်ကုန်။

**(၂) သဟေတုကဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ် ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ ဟု မဆိုအပ်ကုန်။ ဟိတ်သာ ရှိ၍ ဟိတ် မမည်ကုန်။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့် သာယှဉ်၍ ဟိတ် မမည်ကုန်။

**(၆) နဟေတုသဟေတုကဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

------

## စူဠန္တရဒုက် အဖြေ

**(၇) သပ္ပစ္စယဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းနှင့်တကွ ဖြစ်ကုန်၏။

**(၈) သင်္ခတဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရား တို့သည် ပြုပြင်အပ် ကုန်၏။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## စူဠန္တရဒုက် အဖြေ

**(၉) သနိဒဿနဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယာဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) လောကမှ လွတ်မြောက် တတ်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘော ရှိကုန်၏။

------

## အာသဝဂေါစ္ဆက အဖြေ

**(၁၄) အာသဝဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

# သတိပဋ္ဌာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## အာသဝဂေါစ္ဆက အဖြေ

**(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)**

(သတိပဋ္ဌာန်လေးပါးတို့ကို) အာသဝလည်းမည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည် ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်**

(သတိပဋ္ဌာန် လေးပါးတို့ကို) အာသဝလည်းမည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

------

## သံယောဇနဂေါစ္ဆက အဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

------

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

------

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

------

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

------

### နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

------

### ပရာမာသဂေါစ္ဆက အဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကကဲ့သို့ ဖော်၍ ဟောရမည်။

------

### မဟန္တရဒုက် အဖြေ

**(၅၅) သာရမ္မဏဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## မဟန္တရဒုက် အဖြေ

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘုဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အပ 'ဗဟိဒ္ဓ' ၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

=== ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## မဟန္တရဒုက် အဖြေ

**(၆၈) ဥပါဒိန္နဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆက အဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

------

## ကိလေသဂေါစ္ဆက အဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

**မှတ်ချက်။** ။ ဥပါဒါနဂေါစ္ဆကနှင့် ကိလေသဂေါစ္ဆက၌ ပေယျာလတို့ကို အာသဝဂေါစ္ဆကကဲ့သို့ ဖော်၍ ဟောပါလေ။

------

## ပိဋ္ဌိဒုက် အဖြေ ဝိသဇ္ဇနာ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

# သတိပဋ္ဌာနပိဘက်

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ပိဋ္ဌိဒုက် အဖြေ ဝိသဇ္ဇနာ

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ ဝိတက်နှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်နှင့် တကွ မဖြစ်ကုန်။

**(၈၈) သဝိစာရဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ ဝိစာရနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိစာရနှင့် တကွ မဖြစ်ကုန်။

**(၈၉) သပ္ပီတိကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ ပီတိရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါပီတိနှင့် တကွ ဖြစ်ကုန်၏။ ရံခါပီတိနှင့် တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့် တကွမဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

## သတိပဋ္ဌာနဝိဘင်္ဂ

### === ၃ - ပဉှာပုစ္ဆကနည်း ===

### ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ပိဋ္ဌိဒုက် အဖြေ ဝိသဇ္ဇနာ

**(၉၅) အရူပါဝစရဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ဝဋ်ရှတရား၌ အကျုံးမဝင်ကုန်။

**(၉၇) နိယျာနိကဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အချို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊ အချို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဖြစ်ကုန်။

**(၉၈) နိယတဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) အချို့ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲ ကုန်၏။ အချို့ အကျိုးပေး မမြဲကုန်။

**(၉၉) သဥတ္တရဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက်**

(သတိပဋ္ဌာန် လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော**

**ပဉှာပုစ္ဆကနည်း ပြီး၏။**

## သတိပဋ္ဌာန်လေးပါးတို့ကိုဝေဖန်၍ ပြသော

## သတိပဋ္ဌာန်ဝိဘင်း ပြီး၏။

------